## ကြိုးဝိုင်း/ကြိုးပြင်ကာကွယ်တောများအတွင်း သတ္တုအမျိုးမျိုး စမ်းသပ်တိုင်းတာ/တူးဖော် ထုတ်လုပ်ခြင်းအတွက် စာချုပ်စည်းကမ်းသတ်မှတ်ချက်များ

၁။ သတ္တုတူးဖော်ထုတ်လုပ်ရန်အတွက် မြေငှားရမ်းခြင်းကို သတ္တုတွင်းဦးစီးဌာနမှ သတ်မှတ်ထားသော နှစ်အပိုင်းအခြားအပေါ် မူတည်၍ သတ်မှတ်ခွင့်ပြုပါသည်။

၂။ သစ်တောမြေအတွင်း **ခဲမဖြူ၊ အဖြိုက်နက်ရောရာသတ္တု** တူးဖော်ထုတ်လုပ်ခွင့်အတွက် စာချုပ်ချုပ်ဆိုသည့်နေ့မှစ၍ လုပ်ကွက်မြေ တစ်ဧကအတွက် တစ်နှစ်လျှင် **ကျပ်နှစ်သောင်းငါးထောင်** နှုန်းဖြင့် သစ်တောဦးစီးဌာနသို့ နှစ်စဉ် မြေငှားရမ်းခပေးဆောင်ရမည်။

၃။ ပထမနှစ်အတွက် သတ်မှတ်ထားသော အခွန်တော်ငွေကို စာချုပ်မချုပ်ဆိုမီ ကြိုတင်ပေးသွင်းရမည်။ ဒုတိယနှစ်မှစ၍ နှစ်စဉ် နှစ်ကုန်ပြီး တစ်လအတွင်း ပေးသွင်းရမည်။

၄။ အခွန်တော်နှုန်းထားကို သစ်တောဦးစီးဌာနက အခါအားလျော်စွာ ပြင်ဆင်သတ်မှတ်နိုင်သည်။

၅။ **ခဲမဖြူ၊ အဖြိုက်နက်ရောရာသတ္တု** တူးဖော်ထုတ်လုပ်ခွင့်အတွက် အာမခံကြေးငွေကို (၁)ဧကလျှင် **ကျပ် တစ်သိန်း** နှုန်းဖြင့် နှစ်စဉ် ဆောင်ရွက်မည့် စီမံချက်ပါ ဧရိယာအတိုင်း သစ်တောဦးစီးဌာနမှ သတ်မှတ်သည့် မြန်မာ့စီးပွားရေးဘဏ်တွင် စာချုပ်မချုပ်ဆိုမီ ကြိုတင်ပေးသွင်းရမည်။

၆။ လုပ်ငန်းဆောင်ရွက်ပြီးစီး၍ သတ္တုတူးဖော်ထုတ်လုပ်ခွင့်ရရှိသူမှ လုပ်ကွက် ပြန်လည်အပ်နှံသည့်အချိန်တွင် စာချုပ်ပါ စည်းကမ်းချက်များနှင့်အညီဆောင်ရွက်ထားကြောင်း စိစစ်တွေ့ရှိပါက အဆိုပါ အာမခံငွေကြေးကို ပြန်လည်ထုတ်ယူခွင့်ရရှိပြီး စာချုပ်ပါ စည်းမျဉ်းစည်းကမ်းများနှင့်အညီ လုပ်ကိုင်ဆောင်ရွက်ထားခြင်းမရှိကြောင်း စိစစ်တွေ့ရှိရပါက ပေးသွင်းထားသော လုပ်ငန်းအာမခံငွေကို သိမ်းယူခြင်းခံရမည်။

၇။ ခွင့်ပြုချက်ရရှိပြီး သတ္တုတူးဖော်ထုတ်လုပ်မည့် ဧရိယာကို ထင်ရှားသော နယ်နိမိတ်များ သတ်မှတ်ရမည်။ နယ်နိမိတ်များ သတ်မှတ်ခြင်းအတွက် ကုန်ကျစရိတ်ကို လုပ်ကိုင်ခွင့်ရရှိသူမှ ကျခံရမည်။

၈။ လုပ်ကိုင်ခွင့်ရရှိသည့်ဧရိယာကို လွှဲပြောင်းခြင်း၊ ပေါင်နှံခြင်း၊ ရောင်းချခြင်း မပြုရ။ ခွင့်ပြုချက်ရရှိသူမှ ကိုယ်တိုင် လုပ်ကိုင်လိုခြင်း၊ ကိုယ်တိုင် လုပ်ကိုင်နိုင်ခြင်း မရှိလျှင် သစ်တောဦးစီးဌာနသို့ ပြန်လည် အပ်နှံရမည်။

၉။ သတ္တုတူးဖော်ထုတ်လုပ်မှုကြောင့် ကျင်း၊ ချိုင့်များ ဖြစ်ပေါ်လာပါက ၎င်းနေရာတွင် ပြန်လည်၍ မြေဖို့ပေးရမည်။

၁၀။ သတ္တုတူးဖော်ထုတ်လုပ်ခွင့်ပြုထားသည့် ဧရိယာတွင်ဖြစ်စေ၊ ဧရိယာပြင်ပတွင်ဖြစ်စေ သစ်ပင်ခုတ်လှဲခြင်း မပြုရ။ မလွဲမရှောင်သာ၍ ခုတ်လှဲရန်လိုအပ်ပါက သစ်တောဦးစီးဌာန၏ ကြိုတင်

ခွင့်ပြုချက်ကို ရယူရမည်။ ခုတ်လှဲပြီးသည့် နေရာတွင် သစ်တောစိုက်ခင်းများ တည်ထောင်ပေးရမည်။ (သို့မဟုတ်) စိုက်ခင်းတည်ထောင်စရိတ် ကျခံ ပေးလျော်ရမည်။

၁၁။ သစ်တောဦးစီးဌာန၏ ခွင့်ပြုချက်ဖြင့် ခုတ်လှဲပြီးသော သစ်ပင်များကို သတ္တုတူးဖော်ထုတ်လုပ်သော လုပ်ငန်းရှင်မှ အသုံးပြုလိုပါက သစ်တောဦးစီးဌာန၏ ခွင့်ပြုချက်ကို တောင်းခံပြီး သစ်တောဦးစီးဌာနမှ သတ်မှတ်ထားသော ဈေးနှုန်းဖြင့် ဝယ်ယူသုံးစွဲရမည်။

၁၂။ ပတ်ဝန်းကျင်ထိန်းသိမ်းရေးအတွက် လေထု၊ ရေထု၊ မြေထု ညစ်ညမ်းမှုမဖြစ်စေရန် လိုအပ်သည်များကို လုပ်ကိုင်ခွင့်ရသူက ဆောင်ရွက်ပေးရမည်။

၁၃။ သတ္တုတူးဖော်ထုတ်လုပ်ခွင့်ရရှိသော ဧရိယာအတွင်း လုပ်ငန်းဆောင်ရွက်နေထိုင်ရန် ယာယီနေအိမ်၊ တဲများမှအပ အခြား အဆောက်အဦများ အခိုင်အမာဆောက်လုပ်ခြင်း မပြုရ။

၁၄။ လုပ်ကိုင်ခွင့်ရရှိသောမြေကို ခွင့်ပြုချက်ရရှိသည့် သတ္တုတူးဖော်ထုတ်လုပ်မှုမှအပ အခြား စီးပွားရေး လုပ်ငန်းများအတွက် ဆောင်ရွက်ခြင်း မပြုရ။

၁၅။ သတ္တုတူးဖော်မှုကြောင့်ထိခိုက်ပျက်စီးသည့်အပင်များအတွက် သစ်တောဦးစီးဌာနမှ သတ်မှတ်ထားသည့် လျော်ကြေးငွေကို ပေးချေရမည်။

၁၆။ ချုပ်ဆိုခဲ့သောဤစာချုပ်သည် သစ်တောဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်နှင့် လုပ်ကိုင်ခွင့်ရှိသည့်________________နှင့်သာ သက်ဆိုင်စေရမည်။

၁၇။ ဖော်ပြပါ စည်းကမ်းချက်တစ်စုံတစ်ရာကို ချိုးဖောက်ပါက လုပ်ကိုင်ခွင့် ရုပ်သိမ်းခြင်းခံရမည့်အပြင် တည်ဆဲဥပဒေများအရ ထိရောက်စွာ အရေးယူခြင်း ခံရမည်။